


SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK



ကိုယ်မင်းကိုမြတ်နိုးတယ်

9 782025 001477

ILLUSTRATED BY LUNO

mgyoe.com

mgyoe.com SAMPLE BOOK

တရိပ်မြိုင်အမှတ်စဉ် (၁၄၇)

ပုံနှိပ်မှတ်တမ်း




# ခဲတံ

## ကိုယ် မင်းကို မြတ်နိုးတယ်

ထုတ်ဝေသည့်အကြိမ် ♦ ပထမအကြိမ်၊ ၂၀၂၅ ခုနှစ်၊ မေလ
မျက်နှာဖုံးဒီဇိုင်း ♦ Luno
အတွင်းဒီဇိုင်း ♦ နိုင်ဇင်ထွန်း
ထုတ်ဝေသည့်အုပ်ရေ ♦ ၁၀၀၀
စာအုပ်တန်ဖိုး ♦ ၅၀၀၀ ကျပ်
ထုတ်ဝေသူ ♦ ဦးပြည့်အာကာ(၀၃၀၉၄-တရိပ်မြိုင်စာပေ)
အမှတ် ၃၀၈၊ သဘေၤကျင်း ၂ လမ်း၊
သဘေၤကျင်းရပ်ကွက်၊ ဒေါပုံမြို့နယ်။
ပုံနှိပ်သူ ♦ ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖြန့်ချိရေး ♦ တရိပ်မြိုင်စာပေ၊ အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊
ပန်းဆိုးတန်း လမ်းမကြီး၊ ဗိုလ်ချုပ်လမ်းနဲ့ အနောက်ရထားကြား၊
ကျောက်တံတားမြို့နယ်။ ဖုန်း ၀၉ ၇၆၂၂၂၆၀၂၀

ခဲတံ
ကိုယ် မင်းကို မြတ်နိုးတယ်/ ခဲတံ။ ရန်ကုန်
တရိပ်မြိုင်စာပေ။ ၂၀၂၅။
စာမျက်နှာ - ၉၆၊ ၁၃. ၂၀ စင်တီ × ၁၈. ၂၀ စင်တီ
(၁၄၇) ကိုယ် မင်းကို မြတ်နိုးတယ်

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


◆ စာရေးသူ အမှာစာ ၆
၁။ ဘဝလက်တွဲဖော်ဖြစ်ဖို့ မင်း ကူညီပါ ၈
၂။ မင်း ဆိုးနေတာလေးကို ချစ်တယ် ၁၀
၃။ ရောင်းသူနဲ့ ဝယ်သူ မေတ္တာချင်းထပ်တူကျချင်တယ် ၁၂
၄။ ကိုယ့်ဘဝရဲ့ မြတ်နိုးချင်စရာလေးဆီသို့ ၁၅
၅။ ချစ်သူတွေ ဖြစ်သွားတဲ့အခါ ကိုကိုလို့ ခေါ်ပါ ၁၇
၆။ လွမ်းစရာနဲ့ နာစရာ ၂၀
၇။ တစ်ဖက်သတ်ချစ်ခြင်း ၂၁
၈။ သတိ၊ ဤရပ်ဝန်းသို့ မချစ်တတ်သူများ မလာရ ၂၂
၉။ လိုအပ်ရင် ခေါ်သုံးပါ ၂၄
၁၀။ တောင်ပေါ်သူ ၂၅


mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


၁၁။ အနာပေးလိုက် ဆေးပေးလိုက်လုပ်ရတာ ပျော်မှပျော်ရဲ့လား ၂၉
၁၂။ လူတစ်ယောက်ကိုပဲ ချစ်ခဲ့တယ် ၃၂
၁၃။ ဆက်ချစ်ရသောကိုယ် ၃၄
၁၄။ ထပ်တူညီခြင်း ၃၆
၁၅။ အားနာပြီးလည်းမချစ်နဲ့ သနားစရာဆိုပြီးလည်း မချစ်နဲ့ ၃၇
၁၆။ **Love react** ၃၈
၁၇။ ကိုယ့်ရဲ့ မှန်ကြောင်မလေး ၄၁
၁၈။ မင်းတတ်နိုင်သလောက် ကြိုးရှည်ရှည်နဲ့ လှန်ထားပါ ၄၂
၁၉။ မင်းရက်စက်တတ်တာ သိပေမဲ့ ချစ်တယ် ၄၃
၂၀။ တချို့ရက်တွေမှာ ကျွန်တော့်ကို ရွေးထွေးပေးဖို့ လိုအပ်နေပါတယ် ၄၄


mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


၂၁။ ကိုယ့်အပေါ်မကောင်းပေးနိုင်တာ သိပေမဲ့ မစွန့်လွှတ်နိုင်ဘူးကွယ် ၄၅

၂၂။ ထပ်ချစ်ရမှာကိုတောင် ကိုယ်ပင်ပန်းနေပါပြီ ၄၆

၂၃။ ကိုယ့်ကို မလိုအပ်တဲ့ ရပ်ဝန်းတွေအကြောင်း ၄၇

၂၄။ မဆိုင်တော့ပေမဲ့ ပြန်ပိုင်ချင်သေးတယ် ၄၉

၂၅။ သီးသန့်ဖြစ်တဲ့ မေတ္တာတွေပဲ လိုအပ်ပါတယ် ၅၁

၂၆။ **Overthinking** ၅၂

၂၇။ အစ်ကို မင်းကို လွမ်းတယ် ၅၄

၂၈။ မချစ်ချင်တော့ရင်. . . ၅၆

၂၉။ ကိုယ်ချစ်တဲ့သူကိုပဲ စကားပြောပါတယ် ၅၈

၃၀။ အစပိုင်းတော့ လူတိုင်း ကောင်းပြကြတာချည်းပါပဲ ၅၉

၃၁။ ခံစားမှု အပိုင်းအစများ ၆၁


mgyoe.com

mgyoe.com SAMPLE BOOK

## စာရေးသူ အမှာစာ

လွန်ခဲ့တဲ့ လတွေတုန်းက ကျွန်တော့်အတွက် တော်တော်လေးကို အလုပ်ရှုပ်ခဲ့တဲ့ အချိန်တွေလို့ ပြောရပါလိမ့်မယ်။ စာရေးဖို့အတွက်ကို အချိန်မပေးနိုင်ဘဲ အလုပ်တွေ အရမ်းများခဲ့ရပါတယ်။ ကျွန်တော့်ရဲ့ Page နဲ့ Acc ကနေ စာတွေလည်း ရေးမတင်နိုင်ခဲ့သလို၊ စာအုပ်အတွက် ရေးဖို့တောင် အချိန်မပေးနိုင်ခဲ့ဘူး။

ဒါပေမဲ့ တစ်ချို့အချိန်တွေမှာ ကျွန်တော့်ရဲ့ စိတ်ထွက်ပေါက်အနေနဲ့ ကဗျာလေးတွေ ရေးဖြစ်ခဲ့တယ်။ စာအုပ်အဖြစ်ထုတ်ဖို့ တကူးတက ရေးခဲ့တာမျိုး မဟုတ်ပါဘူး။ ကိုယ့်ခံစားချက်တွေကို ဒိုင်ယာရီစာအုပ်လေးထဲမှာ ဖွင့်ဖောက်ထုတ်ပစ်ခဲ့ရုံပါ။

ဘာပဲဖြစ်ဖြစ် ကျွန်တော့်ဒိုင်ယာရီထဲမှာရေးပြီး သိမ်းထားခဲ့တဲ့စာလေးတွေကိုပါ စုစည်းရင်း စာအုပ်လေးတစ်အုပ်ထွက်လာဖို့အတွက် ကျွန်တော်သေချာလေး လုံးပန်းထားပါတယ်။ ဒီစာအုပ်လေးဟာ ကျွန်တော့်ရဲ့စာဖတ်သူတွေ ခံစားမှုတစ်ခုရစေဖို့ ရည်ညွှန်းပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK 

ကျွန်တော့်အနေနဲ့ စာအုပ်ခေါင်းစဉ်လေးကို I adore you. (ကိုယ် မင်းကို မြတ်နိုးတယ်) ဆိုပြီး စာအုပ်နာမည်လေး ပေးထားခဲ့လိုက်ပါပြီ။

အထူးသဖြင့် ဒီစာအုပ်လေးဟာ ကိုယ်မြတ်နိုးတန်ဖိုးထားရတဲ့သူကို ပေးဖတ်တဲ့ အခါမှာလည်း ကောင်းမွန်တဲ့ စာအုပ်လေးတစ်အုပ်ဖြစ်လာမှာ ဖြစ်သလို တိုက်ဆိုင်မှုတွေ ရှိတဲ့အခါ တစ်ယောက်ထဲ ဖတ်ရင် ကြေကွဲမှုရော၊ ကြည်နူးမှုပါ ခံစားစေနိုင်မယ်လို့ ယုံကြည်နေမိပါတယ်။

ဒီစာအုပ်လေးထဲမှာ ကဗျာနဲ့ Essay ပုံစံလေးတွေ ပါပါလိမ့်မယ်။ ဒီစာအုပ်လေးထဲမှာ ဖတ်ကြည့်တဲ့အခါ ချစ်ခြင်းမေတ္တာကို ခံစားစေနိုင်မယ့် ခံစားမှုတွေ ပါပါလိမ့်မယ်။ စိတ်အကြည်ဓာတ်လေးတွေ ဖြစ်စေနိုင်မဲ့ ခံစားမှုလေးတွေလည်း ထည့်ပေးထားပါတယ်။ ပြီးတော့ တိုက်ဆိုင်မှုတွေ ရှိလာတဲ့အခါ ခံစားလို့ရနိုင်မဲ့ လွမ်းမောနာကျင်ရခြင်းတွေ ပါလိမ့်မယ်။

နှလုံးသားရှိနေသရွေ့ ချစ်ခြင်းမေတ္တာနဲ့ ပတ်သက်သမျှကို လူတိုင်းက ခံစားထိတွေ့နေကြဦးမှာပါ။ ကျွန်တော့်ရဲ့ ဒီစာအုပ်လေးတစ်အုပ်ကလည်း စာဖတ်သူကို ခံစားမှုတစ်ခု ပေးနိုင်မယ်ဆိုရင် ကျွန်တော် ကျေနပ်နေနိုင်ပါပြီ ခင်ဗျာ...။

ချစ်ခြင်းမေတ္တာများစွာဖြင့်
ခဲတံ

♦♦♦

mgyoe.com

mgyoe.com
SAMPLE BOOK

## ဘဝလက်တွဲဖော်ဖြစ်ဖို့ မင်း ကူညီပါ

ချစ်ကြည့်ရအောင် ကလေးလေးရေ...
တစ်ယောက်ရဲ့ ဘဝထဲကို တစ်ယောက်
ခုန်ဝင်ကြည့်လိုက်ကြရအောင်...။

လိုအပ်ချက်တွေ များများစားစား မရှိပါဘူး။
ကိုယ်ဟာ မင်းအတွက် ဖြစ်ပြီးတော့
မင်းကိုလည်း ကိုယ့်အတွက်ပဲ ဖြစ်စေချင်တာပါ။

အများကြီးလည်း မတောင်းဆိုချင်ပါဘူး။
သံယောဇဉ်တွေ ဖြည်းဖြည်းချင်းတိုးလာပြီးတော့
မေတ္တာတရားတွေ ခိုင်မာသွားချင်ရုံပါ။

ဘဝ အလှည့်အပြောင်းတွေ
လောကဓံ အထုအရိုက်တွေတိုင်းမှာ
ကိုယ့်ဘေးကလူကို မင်းကိုပဲဖြစ်စေချင်တာ။

တစ်ယောက်တစ်လက် ဖေးမတွဲယှက်ပြီး
စိတ်ပျက်ရတဲ့ အခိုက်အတန့်တိုင်းမှာ
အပြန်အလှန် ဖေးမသွားပေးချင်တာ။

mgyoe.com

mgyoe.com SAMPLE BOOK


သွားရတဲ့ ခရီးလမ်းက ဝေးနိုင်တယ်ကလေးရေ။
ခြေထိုးခံမဲ့သူနဲ့ နောက်ကျောဓားနဲ့မွှေ့ထိုးမဲ့သူနဲ့
ကိုယ့်လက်ကလေးကိုပဲ တွဲထား
ကိုယ့်ကိုပဲ ယုံကြည်လိုက်
တို့နှစ်ယောက် လက်တွဲထားရင်
အခက်အခဲဆိုတာ ဘာမို့လို့လဲ...
လောကဓံဆိုတာ ဘာသားနဲ့ ထုထားတာမို့လဲ...

အချစ်ရယ်...
ကိုယ်ကတော့ မင်းနဲ့မှ မဟုတ်ရင်
ဘယ်သူ့လက်ကိုမှ မတွဲချင်...
ဘယ်ရင်ခွင်ကိုမှ မခိုလှုံချင်...။

■
ခဲတံ

mgyoe.com

mgyoe.com SAMPLE BOOK

## မင်း ဆိုးနေတာလေးကို ချစ်တယ်

ချစ်လို့ဆိုးတာပါ ကိုကိုရဲ့တဲ့။
မျက်စောင်းလေးထိုး ဒေါသစိတ်လေးတိုးတော့
သူ ဆိုးထားသမျှ ခွင့်လွှတ်ပေးရ။

ဒီတစ်ယောက်ထဲလေးပဲ ရှိတာ ကိုကိုက အလိုမလိုက်ချင်ဘူးလားတဲ့
စကားနာလေးထိုး စိတ်ကလေးဆိုးတော့
ဒီလူကြီးမှာ အပိုးကျိုးရ ဒူးထောက်ကျ။

ဘဝအဆက်ဆက် မင်းပဲ မှန်ပါတယ် ကလေးရယ်။
ကလေးမှားနေတယ်ဆိုရင်တောင်
ကလေးမှားနေတာလေးက မှန်ကို မှန်နေတာပါ။

ပိုချစ်ရတဲ့သူက ပိုခွင့်လွှတ်ပေးကြေးပဲတဲ့။
ပိုမြတ်နိုးမိတဲ့သူအဖို့တော့
အပြစ်လို့ မြင်စရာတောင် မရှိတော့။

mgyoe.com

mgyoe.com
SAMPLE BOOK


ဒူးလည်းထောက်ထားသလို
လက်လည်းမြှောက်ပေးထားတယ်။
ဒါကိုမှ မကျေနပ်သေးရင် မျက်စောင်းလှလှလေးနဲ့
အလဲထိုးသွားလို့ရသေးတယ်။

ချစ်လွန်းလို့
အလံဖြူပြပြီး မိန့်မိန့်ကြီး ခွင့်လွှတ်ပေးနေတာပါ။
မင်း အရမ်းဆိုးနေတယ်ဆိုရင်တောင်
မင်းဆိုးနေတာလေးကို  အရမ်းချစ်ပါတယ်။

■

ခဲတံ

mgyoe.com

mgyoe.com SAMPLE BOOK

## ရောင်းသူနဲ့ ဝယ်သူ မေတ္တာချင်း ထပ်တူကျချင်တယ်

ဈေးဗန်းတွေ ခင်းပြီး
လာဝယ်တော့လည်း မရောင်းပဲနေနေရတာ
မပင်ပန်းဘူးလား ကလေးရေ...။

မင်း ဘဝတစ်ခုစာ
လုံလုံလောက်လောက် ချစ်ပေးဖို့
ချစ်ခြင်းမေတ္တာတွေ အပြည့်ပါပါတယ်။
ကိုယ့်ကို အကြွင်းမဲ့ ယုံကြည်ပြီး ရောင်းပါ။

မင်းပြောတော့ ညတိုင်းညတိုင်း
တစ်ယောက်ထဲ အထီးကျန်နေရတာပါဆို...
Chat box မှာ စကားပြောဖော် မရှိလို့
တစ်ယောက်ထဲ ပျင်းနေရတာပါဆို...

မင်းရဲ့ နှလုံးသားလေးကို အပိုင်ဝယ်ချင်တဲ့
ဈေးဝယ်လေးပါကွယ်။
ရောင်းချင်သလိုလို၊ မရောင်းချင်သလိုလို
မင်းလုပ်နေလို့ တပ်ပြန်ခေါက်ပြီး ပြန်ပြန်နေရတာ
သိပ်သနားဖို့ကောင်းပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK 

တကယ် မရောင်းဘဲ အာမချောင်ပါနဲ့။
ကိုယ့်ဆီပြန်မယ့် Rp လေး မျှော်နေရတာလည်း
ကမ္ဘာအသချေကြာနေပါပြီ။

ဈေးဗန်းတွေခင်းပြီးရင် ဈေးရောင်းဖို့ ပြင်ပါ။
ရည်းစားလိုချင်တယ်ပြောပြီးရင်
ရည်းစားထားကိုထားပါ။

ဘယ်လို Type မျိုးလေးကို လိုချင်နေတာလဲ။
ဘယ်လိုပုံစံမျိုးလေးကို မင်းချစ်ချင်နေတာလဲ။
အလင်းထက် မြန်တဲ့
မင်းစိတ်ကလေးရဲ့ ပြောင်းလဲမှုကို ကိုယ်မလိုက်နိုင်ခဲ့။

ထပ်ချစ်ရမှာ ဘာလို့ကြောက်နေသလဲ။
မင်းတွေ့ဖူးတဲ့ လူတွေနဲ့ မတူနိုင်ဘူးဆိုတာ
မင်းကိုယ်တိုင် တွဲကြည့်မှပဲ သိလိမ့်မယ်။

ကိုယ့်လက်ထပ်ဖိတ်စာက သတို့သမီးနာမည်လေး
မင်းကိုပဲဖြစ်စေချင်တယ် ကလေးရဲ့။

mgyoe.com

 mgyoe.com SAMPLE BOOK

မင်းမွေးလာမယ့် သားနဲ့ သမီးရဲ့ဖေဖေကိုလည်း
ကိုယ့်ကိုပဲ ဖြစ်စေချင်တယ်။

မင်းရည်းစားထားမယ့်နေ့လေးကို
ကိုယ်မျှော်နေတယ်...
မင်းရောင်းမဲ့ ဈေးဗန်းလေး
ဘယ်အချိန်လောက် ရောင်းလိမ့်မလဲကွယ်...
ကိုယ်ပဲ ဝယ်ချင်တယ်။

အစကနေ အဆုံးထိ အတူတူ ရှိသွားမှာကို
ရဲရဲကြီး အာမခံပါတယ်။
ရောင်းသူနဲ့ ဝယ်သူ မေတ္တာတွေ
ထပ်တူ ကျချင်ပါတယ်။

■
ခဲတံ

mgyoe.com

mgyoe.com SAMPLE BOOK 

## ကိုယ့်ဘဝရဲ့ မြတ်နိုးချင်စရာလေးဆီသို့

ဂျစ်ကန်ကန် ဘုဆတ်ဆတ်လေးမှန်းသိတယ်။
အဲ့လို ခေါင်းမာနေတာလေးကိုက ချစ်ချင်စရာ။

တစ်ခါတစ်ခါ ကလေးဆန်သလောက်
တစ်ခါတစ်ခါ စိတ် Trauma တွေ အများကြီးရှိမှန်းလည်းသိတယ်။
အဲ့လို မင်း ဝမ်းနည်းနေတဲ့အချိန်တိုင်း
ဘေးအနားမှာ ရှိချင်တာ။

မျက်ရည်တွေကို ကူသုတ်ပေးချင်တယ်
အားငယ်စရာတွေရှိတဲ့အခါ
ကိုယ့်ပခုံးထက်မှာ ငိုပေါ့ကွယ်...

ချစ်တယ်...
မင်းဖြစ်နေလို့ကို ချစ်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဆံချည်မျှင် အသေးအမွှားလေးကအစ
ဟိုးခြေဖျားလေးတွေ အဆုံး
မလှမပတဲ့ အစိတ်အပိုင်းလေးတွေကအစ
ထိခိုက်ရှနာ အမာရွတ်လေးတွေအဆုံး
မင်းဖြစ်နေလို့ကို ချစ်တယ် ကလေးရဲ့။

ချစ်မိသူအဖို့တော့ကွယ်...
မျက်နှာမယ် ပေါက်နေတဲ့ ဝက်ခြံလေးကအစ
ဘာမှ မလိမ်းထားတဲ့ မျက်နှာပြောင်လေးအဆုံး
မြတ်နိုးစရာ အတိပါကွယ်။

■
ခဲတံ

mgyoe.com

mgyoe.com SAMPLE BOOK 

## ချစ်သူတွေ ဖြစ်သွားတဲ့အခါ ကိုကိုလို့ ခေါ်ပါ

အစ်ကိုနဲ့ မင်းက အသက်နည်းနည်းကွာတော့
အစ်ကိုတို့ ချစ်သူတွေ ဖြစ်သွားတဲ့အခါ
မင်းက အစ်ကို့ကို ကိုကိုလို့ခေါ်
အစ်ကိုက မင်းကို ကလေးငယ်လို့ ခေါ်မယ်။

ကလေးဆိုးလေး မင်း လုပ်တဲ့အခါ
အကိုတတ်နိုင်တာဆိုလို့
မင်းဆိုးသမျှ ခွင့်လွှတ်ပေးချင်တာပဲရှိပါတယ်။

ကလေးရေ...
ဒီကိုကို့ ရင်ခွင်ဟာ မင်းအတွက်ပါ။
ဝမ်းနည်းစရာတွေကြုံလို့ မင်းငိုရတဲ့အခါ
ကိုကို့ရင်ခွင်ဟာ မင်းအတွက် နှစ်သိမ့်စရာ။

ချစ်ကြည့်စမ်းပါကလေးရယ်...
အသက်ခပ်ကြီးကြီး
ဒီအစ်ကိုကြီးကို ချစ်ကြည့်လိုက်စမ်းပါ။
ဘဝတစ်သက်စာလုံး
စိတ်လုံခြုံမှုပေးနေမယ့်သူဆိုတာ
ရဲရဲကြီး အာမခံပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

အစ်ကို့လိုလူ မင်း ထပ်ပြီး မတွေ့နိုင်ဘူးဆိုတာ
အားရပါးရ Recommend ပေးပါတယ်…

ပေါက်တက်ကရတွေ ထထ လုပ်တတ်တဲ့
ဒီကောင်မလေးဟာ အစ်ကို့လို သည်းခံပေးနေတဲ့
ကိုကိုနဲ့မှ ဖြစ်မှာ…

ကလေးဆိုးသမျှကို ဖြည်းဖြည်းချင်းလေး
ပြုပြင်သွားပေးချင်တဲ့သူပါ…
ကလေး ချစ်လို့ဆိုးနေတာကို
ပြုံးပြုံးကြီးနဲ့ နားလည်ပေးချင်တာ…

လေသံမာမာကြီးနဲ့လည်း မပြောပါဘူး။
ငေါက်လည်း မငေါက်ပါဘူး။
အစ်ကို ချစ်လို့ ဆုံးမနေတဲ့စကားလေးတွေကိုတော့ အမြတ်တနိုးနဲ့
နားထောင်ပါ။

ကလေးကို မုန့်ကျွေးကြိုက်နေတာမဟုတ်ပါဘူးကွယ်။
ဒီကလေးဆီက မေတ္တာတွေကို
အမြတ်တနိုး တောင်းခံနေမိတာပါ။

ကလေးသာ လိမ်မာမယ်ဆိုရင်
အခုဝယ်ကျွေးနေတဲ့ မုန့်တွေထက်
နှစ်ဆလောက် လိုက်ဝယ်ကျွေးနေမိမှာ။

mgyoe.com

mgyoe.com SAMPLE BOOK


မင်းရဲ့ ကိုကို ဖြစ်ချင်တယ် ကလေးငယ်ရေ...
"အသက်ကြီးတဲ့ ဘဲကြီးမို့ မချစ်ပေးချင်ဘူး" လို့
မင်းငြင်းတဲ့အခါ ကိုယ့်ကမ္ဘာကြီး ငိုရလိမ့်မယ်။

ရုပ်ရည်ဆိုတာက အချိန်တစ်ခုရောက်ရင်
ယိုယွင်းပျက်ဆီးသွားမှာ...
ချစ်ခြင်းမေတ္တာသာ ကိုယ်တို့အတွက် မှီခိုအားထားရာ။

ယုံပါကွယ်...
အစ်ကို့ချစ်ခြင်းတွေဟာ
ကလေးရဲ့ဘဝတစ်ခုလုံးစာ
အချစ်ခံရမှာ။
အစ်ကို့ရဲ့ ချစ်ခြင်းမေတ္တာတွေနဲ့ ဘဝတစ်ခုစာ
နွေးထွေးလုံခြုံစေမှာ။

အပေါ်ယံတွေထက်
လေးလေးနက်နက်နဲ့
အချစ်ခံနေရတာက ပိုမကောင်းပေဘူးလား။

ကလေးငယ်လေး သိဖို့က ရုပ်ကြမ်းကြီးနဲ့
ချစ်တတ်တာ ဒီက ကိုကိုပဲရှိတယ်။

■
ခဲတံ

mgyoe.com

mgyoe.com SAMPLE BOOK

## လွှမ်းစရာနဲ့ နာစရာ

အမေက ပြောဖူးတယ်။
"လွှမ်းစရာရှိလာရင် နာစရာနဲ့ဖြေ ငါ့သားတဲ့"

အမေရယ်...
အမေ့သားက
နာစရာတွေများနေရင်တောင်
ဖြေတွေးတွေးပြီး ခွင့်လွှတ်ပေးနေတဲ့ လူစားမျိုးဗျ။

မေ့မရတဲ့နောက်တော့
ဒီတစ်ခေါက်လည်း
သားဘက်ကပဲ ပြန်ဆက်သွယ်မိပါတယ် အမေရယ်...။

■
ခဲတံ

mgyoe.com

mgyoe.com SAMPLE BOOK 

## တစ်ဖက်သတ်ချစ်ခြင်း

နောက်ဆုံးအချိန်ထိ
အတူတူ မရှိနိုင်ဘူးဆိုရင်တောင်
အတူတူချစ်ခဲ့ဖူးတယ်ဆိုတဲ့ အသိလေးနဲ့တင်
လုံလောက်တတ်အောင် ကြိုးစားပါ။

မနီးစပ်နိုင်တော့တာ သေချာသွားတဲ့အခါ
လက်တွေ့ဆန်တဲ့ အိမ်မက်တွေကိုပဲ
ယုံကြည်ပါ။

မလိုအပ်တော့တာ
သေချာသိသွားတဲ့အခါ
အဲ့ဒီ ရပ်ဝန်းတွေကို ရှောင်ထွက်ပါ...။

တစ်ယောက်ထဲဘက်ကချစ်ပြီး
တစ်ယောက်ထဲဘက်က အားစိုက်ထုတ်ရခြင်းဘေးက
မြန်မြန်ကင်းဝေးနိုင်ပါစေ...။

■

ခဲတံ

mgyoe.com

 mgyoe.com SAMPLE BOOK

## သတိ၊ ဤရုပ်ဝန်းသို့ မချစ်တတ်သူများ မလာရ

သတိ
ချစ်မပြတတ်တာတွေ…
ထုတ်မပြတတ်ဘူးဆိုတာတွေ…
ဤရုပ်ဝန်းတွင် လက်မခံပါ။

အချိန်မပေးနိုင်တာတွေ…
အချိန်မအားလို့ ဆိုတာတွေ…
ဤရုပ်ဝန်းတွင် တားမြစ်ပါသည်။

အိပ်ချင်လာလို့ ဆိုတာတစ်ကြောင်း
အိပ်ပျော်သွားလို့ ဆိုတာတစ်ကြောင်း
ထိုသို့ ထိုသို့ အကြောင်းပြချက်တွေ လက်မခံပါ။

ဤရုပ်ဝန်းသည်
အပြန်အလှန် ချစ်ခြင်းတရားများဖြင့်သာ
တည်ဆောက်ထားသော ရုပ်ဝန်းဖြစ်သည်။

ဤရုပ်ဝန်းသည်
အချိန်ပေးနိုင်မှာသာ
လာရောက် အခြေချနေထိုင်ခွင့်ရှိသော
ရုပ်ဝန်းဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK 

ဤရပ်ဝန်းသည်
အချစ်ခံရတာကြိုက်သလို
ဂရုစိုက်မှုကိုလည်း လိုလားသော ရပ်ဝန်းသာဖြစ်သည်။

ဤရပ်ဝန်းတွင်
ရွှေငွေ ဥစ္စာ ငွေကြေးများစွာ မလိုအပ်ပါ။
ဤရပ်ဝန်းတွင် စစ်မှန်သောချစ်ခြင်းမေတ္တာများဖြင့်သာ
ထုံလွှမ်းဖို့လိုပါသည်။

ဤရပ်ဝန်းတွင်
နှစ်ဦးနှစ်ဖက် ချစ်ပေးနိုင်ခြင်းများဖြင့်သာ
ခြုံငုံထားရမည် ဖြစ်သည်။

ဤရပ်ဝန်းတွင်
အပြန်အလှန်ချစ်ပေးခြင်းဖြင့်သာ
တည်ဆောက်ထားရပါမည်။

ထို့ကြောင့်သတိ...
ဤရပ်ဝန်းသို့
စချစ်ခဲ့ပြီးတော့မှ ဆက်ချစ်ဖို့ မေ့နေသူများ
လာရောက်အခြေချနေထိုင် ခွင့်မရှိပါ။

■
ခဲတံ

mgyoe.com

mgyoe.com SAMPLE BOOK

## လိုအပ်ရင် ခေါ်သုံးပါ

မပိုင်တော့ဘူးဆိုပေမဲ့
ဆိုင်ချင်တဲ့စိတ်ကို ဖျောက်လို့မှ မရတာ။
လိုတဲ့အချိန် ခေါ်သုံးပါ။
ကိုယ့်လက်ကို မဆွဲမှန်းသိရင်တောင်
ကိုယ်နိုင်သလောက် ကောင်းပေးခဲ့ချင်သေးတာ။

■
ခဲတံ

mgyoe.com

mgyoe.com
SAMPLE BOOK


## တောင်ပေါ်သူ

မိတ္တီလာတစ်ခေါက်
အလည်ရောက်လာတဲ့ တောင်ပေါ်သူရေ...

ပွင့်ပွင့်လင်းလင်းပြောရရင်
အဲ့ဒီ အသားဖွေးဖွေးလေးကအစ
နှုတ်ခမ်းမွှေးရေးရေးလေးအဆုံး
ချစ်ချင်စရာတွေချည်းပါပဲ။

ဝန်ခံပါတယ်
ကိုယ့်ရဲ့ ကျရှုံးခန်းတွေဟာ
မင်းရဲ့ ပါးရဲရဲ နုနုလေးတွေမှာ ဖြစ်ခဲ့တယ်။

မတော်တဆ မင်းအသားလေးနေလောင်တဲ့အခါ
နေမင်းနဲ့ စစ်ခင်းမှာ။
မတော်တဆ မင်းအသားလေး ညိုသွားတဲ့အခါ
ကိုယ့်ကမ္ဘာကြီး ပျက်သွားမှာ။

အညာဟာ မင်းအတွက် ပူလောင်စေရိုးမှန်ရင်
ကိုယ့်မေတ္တာတွေလွှမ်းခြုံရင်း
အေးမြနေစေချင်တာက
ကိုယ့်အတောင့်တဆုံး အာသီသပါ။

mgyoe.com